ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 21 January 2026 ၁၂၀၆၉

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူ လူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံလွင်တံတား(တာဆန်း) ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# သံလွင်တံတား(တာဆန်း) ဖွင့်ပွဲအခမ်းအနား ကျင်းပ

## တောင်ကြီး-နမ့်စန်-မိုးနဲ-မိုင်းပန်-မိုင်းတုံ-မိုင်းဆတ်-တာချီလိတ် လမ်းကြောင်းကိုအသုံးပြု၍ ကုန်စည်ကူးသန်းသွားလာမှုများကို ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်သွားနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၂၀

သံလွင်မြစ်ကူးတံတား(တာဆန်း) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် တာဆန်းကျေးရွာအနီးရှိ အဆိုပါတံတားနေရာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



# နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီပါဝင်ဆောင်ရွက်

ပတ်ဝန်းကျင်သည် လူတို့စိတ်ကို ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိသည်။ ကြည်နူးချမ်းမြေ့ဖွယ်ရာကောင်းသည့်အရပ်၊ ငြိမ်းချမ်းသာယာလှပသောပတ်ဝန်းကျင်၊ သန့်ရှင်းသန့်ပြန့်သည့်နေရာတို့တွင် နေထိုင်သည့်အခါ လူတို့၏စိတ်သည် အလိုလိုနူးညံ့သိမ်မွေ့လာပြီး ဝမ်းမြောက်ပီတိဖြစ်နေဘိသကဲ့သို့ စိတ်နှလုံးချမ်းသာခြင်းတို့နှင့် ပြည့်စုံနေသလိုဖြစ်နေပေသည်။ ထို့ကြောင့် ကောင်းမွန်သောစိတ်နှလုံး ဖြစ်ပေါ်လာစေရန်အတွက် ကောင်းမွန်သောဝန်းကျင်အား အရှည်မြော်တွေး၍ ဦးစွာတည်ဆောက်နေကြသည်။

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများသည် မိမိတို့နိုင်ငံကို ပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်လာအောင် စဉ်ဆက်မပြတ် ဖန်တီးတည်ဆောက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုနိုင်ငံရှိ နိုင်ငံသူ နိုင်ငံသားများ၏ စိတ်ထားနှလုံးသားနှင့် ပညာရည်များ မြင့်မားတိုးတက်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ သို့ကြောင့်လည်း အဆိုပါနိုင်ငံများသည် အလျဉ်မပြတ်တိုးတက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်အစိုးရများက ကောင်းမွန်သောပတ်ဝန်းကျင်များကို ဦးစွာတည်ဆောက်ပေးခဲ့ကြသည်။ သို့သော် စည်းကမ်းလိုက်နာခြင်းအားနည်းမှုနှင့် ဖျက်လိုဖျက်ဆီးလုပ်မှုများကြောင့် အရာမထင်မှုများကို တွေ့ရမည်ဖြစ်သည်။

လက်ရှိကာလတွင် နိုင်ငံတော်တစ်ဝန်း ဒေသများ တည်ငြိမ်ရေး၊ အေးချမ်းသာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင်သာယာလှပရေးနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီယဉ်ကျေးမှု ထူထောင်နိုင်ရေးတို့ကို နိုင်ငံတော်အစိုးရက အလေးထား ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲက မြို့ပြဒေသနှင့် ကျေးလက်များပါမကျန် ဒေသစိမ်းလန်းစိုပြည်သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခါမလပ် သွားရောက်လမ်းညွှန် မှာကြားပေးလျက်ရှိသည်။ သာဓကအားဖြင့် နိုင်ငံတော်ယာယီသမ္မတသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် သွားရောက်ပြီး လိုအပ်သည်များကို လမ်းညွှန်ပေးခဲ့သည့်အတွက် ဒေသအတွင်း တစ်ကြိမ်ထက်တစ်ကြိမ် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရပြီး ဒေသခံပြည်သူများအနေဖြင့်လည်း ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိသည်ဟု သိရသည်။

အစိုးရတစ်ရပ်ဆိုသည်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ လက်ရှိအစိုးရအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို စတင်ရယူခဲ့စဉ်အချိန်က ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပေါ်လျက်ရှိပြီး ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းအချို့အပါအဝင် ဝန်ဆောင်မှု၊ တည်ဆောက်မှုဝန်ထမ်းများအချို့ပါ လုပ်ငန်းခွင်မှ စွန့်ခွာခဲ့ကြမှုများကြောင့် အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပြဿနာများကို နိုင်ငံရေးအရမဖြေရှင်းဘဲ နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာခဲ့သည့် ဆူပူအကြမ်းဖက်မှုများ၊ လက်နက်ကိုင်အကြမ်းဖက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် ရေကြီးရေလျှံ၊ မုန်တိုင်းနှင့် ငလျင် စသည့်သဘာဝဘေးအန္တရာယ်ဆိုးကြီးများနှင့်လည်း နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့ခဲ့ရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုကဲ့သို့ အခက်အခဲ၊ အကျပ်အတည်းနှင့် စိန်ခေါ်မှုများစွာတို့ကြားမှ သစ္စာရှိ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် လူမှုအဖွဲ့အစည်းများ၊ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုကို လိုလားသော ပြည်သူလူထုများ၏ ပူးပေါင်းလက်တွဲ ပါဝင်ဆောင်ရွက်မှုများဖြင့် ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်။ တစ်ဖက်တွင် တိုင်းပြည်ကို တည်ဆောက်နေသူများနှင့် တစ်ဖက်တွင် တိုင်းပြည်ကို ဖျက်ဆီးနေကြသူများကြားတွင် တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ အမှန်တကယ်တွင် မိမိဒေသကို တည်ဆောက်သူများမှာ မိမိဒေသမှ ပြည်သူများပင်ဖြစ်သည်။ မိမိဒေသကို ဖျက်ဆီးနေကြသူများမှာလည်း မိမိဒေသမှ ပြည်သူများပင်ဖြစ်သည်။

လက်ရှိတွင် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ် ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွက်လာပါက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာ ပြည်သူ့ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းလက်တွဲကာ မိမိဒေသကောင်းကျိုးကို ပိုမိုတိုးတက်ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးကို ဒေသဆိုင်ရာအဖွဲ့အစည်းများ အကောင်အထည်ဖော်ပေးလျက်ရှိသည့် သာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်များကို ဒေသခံပြည်သူများ ရယူခံစားပြီး မိမိနိုင်ငံတော်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်လာအောင် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်း ဖော်ဆောင်ရေး။

## မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) မိသားစုများ ၂၀၂၆ ခုနှစ် နှစ်ဦးအကြို ကုသိုလ်ပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို)၏ ၂၀၂၆ ခုနှစ် နှစ်ဦးအကြို မိသားစု စုပေါင်းကုသိုလ်အဖြစ် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ ခေမာရာမ သီလရှင်စာသင်တိုက်၌ ဆောင်ရွက်ရာ အသင်းဥက္ကဋ္ဌ သီရိပျံချီ ဦးတင်ဦးနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ ဓမ္မမိတ်ဆွေများ တက်ရောက်ကြသည်။

မိသားစု စုပေါင်းကုသိုလ်အဖြစ် သီလရှင်ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဒေါ်စန္ဒာဦးစီး၍ သာသနာပြုလျက်ရှိသော သီလရှင်အပါး ၅၀၀ ခန့်ရှိခေမာရာမ သီလရှင်စာသင်တိုက်အတွက် ငွေကျပ် သိန်း ၁၀၀ ခန့် တန်ဖိုးရှိသည့် ဆိုလာမီးအစုံ ၆၀၊ စာသင်သားများအတွက် ပရိယတ္တိသာသနာပြု အထောက်အပံ့ရန်ပုံငွေကျပ် သိန်း ၁၀၀ တို့ကို စုပေါင်းလှူဒါန်းပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုအတွက် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလက သာဓုအနုမောဒနာတရားချီးမြှင့်သည်။

ဆက်လက်၍ သာကေတ သဒ္ဓမ္မဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်နှင့် သန်လျင်ကျောက်တန်း ကျိုက္ကမော့ အောင်မြေရွှေလှေကျောင်းတိုက်တို့တွင် သီတင်းသုံးလျက်ရှိကြသော သံဃာတော်များနှင့် သီလရှင်များအတွက် နဝကမ္မအလှူငွေများနှင့် ဆိုလာမီးအစုံ ၁၀ စုံ စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**မော်လင်း**

## ၂၀ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၁ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၅၀၀ | ၂၆ | ၂၂၀,၉၀၀ |
| MTSH | ၃,၇၅၀ | ၃,၈၀၀ | ၂၃၃ | ၈၈၁,၀၅၀ |
| MCB | ၇,၇၀၀ | ၇,၈၀၀ | ၁၅၃ | ၁,၁၉၁,၃၀၀ |
| FPB | ၂,၈၀၀ | ၂,၈၀၀ | ၆,၇၁၈ | ၁၈,၈၁၀,၄၀၀ |
| TMH | ၃,၂၅၀ | ၃,၂၅၀ | ၈ | ၂၆,၆၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၂,၁၀၀ | ၃,၄၁၅,၀၀၀ |
| AMATA | ၃,၉၀၀ | ၄,၀၀၀ | ၁၄၅ | ၅၇၀,၄၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၂၃၆ | ၇၃၁,၆၀၀ |
| MADPL(PLB) | ၂,၆၀၀ | ၂,၅၅၀ | ၇၁၆ | ၁,၈၅၀,၂၅၀ |
| ASPGB(PLB) | ၁၆,၀၀၀ | ၁၅,၀၀၀ | ၈၉ | ၁,၁၇၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ
အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ရင်းနီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက ရင်းနီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံလွင်တံတား(တာဆန်း)အား ဖြတ်သန်းကြည့်ရှုပြီး ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် မင်္ဂလာအချိန်တွင် သံလွင်တံတား (တာဆန်း)အား ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သံလွင်တံတား (တာဆန်း)ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။ ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမျိုးသန့်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က သံလွင်တံတား(တာဆန်း)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သံလွင်တံတား(တာဆန်း)ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(တာဆန်း) ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(တာဆန်း) ပေါ်တွင် ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ သံလွင်တံတား (တာဆန်း)အနေဖြင့် တံတားအရှည် ၈၇၆ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၃ ပေ၊ ဆိုင်ကယ်လမ်း တစ်ဖက်ငါးပေစီဖြင့် စုစုပေါင်းတံတားအကျယ် ၃၃ ပေရှိသည့် သံမဏိသံပေါင်တံတားဖြစ်ကြောင်း၊ ရေလမ်းကင်းလွတ်အကျယ်ပေ ၂၈၀ ရှိကာ ရေလမ်းကင်းလွတ်အမြင့်မှာ ၃၄ ပေရှိကြောင်း၊ ပေ ၉၀၀ ရှိ သံလွင်တံတား(တာဆန်း) ကြိုးတံတားအဟောင်း၏ အနီးတွင် တည်ဆောက်ထားခြင်း ဖြစ်ပြီး ယခုကဲ့သို့ တံတားအသစ်ကြီး တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့ကို ဆက်သွယ်ထားသည့် တောင်ကြီး- နမ့်စန်- မိုးနဲ- မိုင်းပန်- မိုင်းတုံ- မိုင်းဆတ်- တာချီလိတ် လမ်းကြောင်းကို အသုံးပြု၍ ကုန်စည် ကူးသန်းသွားလာမှုများကို ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူများစွာ ဖြစ်လာစေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ထွန်းသစ်စနည်းပညာအရွေ့များနှင့် အမီလိုက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၂၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇန်နဝါရီ ၁၇ ရက် မှန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ပင်မဆောင် မြေညီထပ်၌ မောင်မယ်သစ်လွင် ကြိုဆိုပွဲတွင် ဖျော်ဖြေနိုင်ရန်အတွက် ကျောင်းသူများ ဇာတ်တိုက်လေ့ကျင့်နေမှု၊ ကျောင်းသား အဆောင်နှင့် ကျောင်းသူ အဆောင်ဝန်းကျင်၌ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံ့အကျိုးပြု IT ပညာရှင်ကောင်းများအဖြစ် အနာဂတ်၌ တာဝန်များ ပခုံးပြောင်းထမ်းဆောင်နိုင်ရေး ရည်မှန်းချက်ချမှတ်ပြီး ကျောင်းသားဘဝ တန်ဖိုးရှိသော အချိန်များကို အကျိုးရှိရှိ အသုံးချသွားရန်၊ ထွန်းသစ်စနည်းပညာအရွေ့များနှင့်အမီလိုက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ Agro-based Industries၊ MSME၊ Cybersecurity လုပ်ငန်းများဖွံ့ဖြိုးရေး အထောက်အကူပြုနိုင်မည့် Agentic AI ဆိုင်ရာသုတေသနလုပ်ငန်းများကို အဖွဲ့လိုက် ကြိုးပမ်းလေ့လာသွားရန် တိုက်တွန်းမှာကြားကာ ကျောင်းသား ကျောင်းသူများအား AI၊ သုတ/ရသ စာအုပ်များနှင့် အားကစားပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)၌ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဒေသတွင်းလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်မှုမှသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး တိုက်ရိုက်ထိရောက်မြန်ဆန်စွာ အကျိုးပြုနိုင်သည့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းများကို စံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားကာ စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဘာသာရပ်အလိုက် လက်တွေ့ခန်းများနှင့် အလုပ်ရုံများ၌ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသည့် ဆရာ ဆရာမများကို လှည့်လည်ကြည့်ရှုအားပေးပြီး ရွှေပြည်သာစက်မှုဇုန်နှင့် MSME များ ဖွံ့ဖြိုးရေး နည်းပညာလိုအပ်ချက်များကို လက်တွေ့ကျကျ ဖြည့်ဆည်းပေးနိုင်မည့် သုတေသနများကို ဦးစားပေးကာ ဆက်စပ်ဌာနများနှင့် အရှိန်မြှင့်တင် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခိုလမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများအား စစ်ဆေး တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်စစ်ဆေးပြီး တပ်နယ်မိသားစုများအား တွေ့ဆုံအမှာ စကားပြောကြားသည်။

**နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်နှင့်အဖွဲ့ဝင်များသည် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်းက တိုင်းစစ်ဌာနချုပ် ဆိုင်ရာအချက်အလက်များနှင့် စစ်ဆင်ရေး၊ နယ်မြေ လုံခြုံရေး၊ နယ်မြေစိုးမိုးရေး၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုများပပျောက်ရေး ဆောင်ရွက်လျက် ရှိမှု၊ မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုနှင့် မူးယစ် ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဘိန်းခင်းများ ဖျက်ဆီးနိုင်မှု၊ တရားမဝင်ကုန်သွယ်မှုများ ဖမ်းဆီးရမိမှု၊ ဒေသခံ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ ဆောင်ရွက်ပေးနိုင်မှု၊ တပ်ပိုင်နှင့် တစ်ပိုင် တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင် ရွက်ထားရှိမှု၊ တပ်ပိုင်စိုက်ပျိုး မွေးမြူရေးလုပ်ငန်း များမှ ထွက်ရှိသည့် အသား၊ ငါးနှင့်ဥများကို အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်မှု၊ သက်သာချောင်ချိရေးလုပ်ငန်းများဆောင်ရွက်ပေး နိုင်မှု၊ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၁)နှင့်(၂)အား အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် အပိုင်း(၃)အား သတ်မှတ်မြို့နယ် များအလိုက်၌ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေဒေသတည်ငြိမ် အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်လို ကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ယခင် ကတည်းကပင် EAO အဖွဲ့အချို့ နယ်မြေကျော်လွန် ဝင်ရောက်ခြင်း၊ တိုက်ပွဲဖော်ဆောင်ခြင်းများ လုပ်ဆောင်တတ်သည့် အလေ့အထရှိကြောင်း၊ ထို့ပြင် လက်ရှိအချိန်၌ အွန်လိုင်းလိမ်လည်လောင်း ကစားမှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း လုပ်ငန်းများကိုပါ လုပ်ဆောင်လာကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တိုင်းစစ်ဌာနချုပ်နယ်မြေ အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ဆောင်မှုမရှိစေရေး အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် တိုက်ဖျက်ဆောင်ရွက်သွားရန် အလေးထားမှာကြားလိုကြောင်း၊ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုပြီး ဘိန်းခင်း စိုက်ပျိုးမှု၊ ဖျက်ဆီးမှုများအား နှစ်အလိုက် မှတ်ပုံတင် ပြုစု၍ စနစ်တကျတိုက်ဖျက်ဆောင်ရွက်သွားရန်လို ကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပညာတတ်များ ပေါကြွယ်ဝစေရေး၊ အသိအမြင်တိုးပွားစေရေးတို့ အတွက်လည်း တတ်နိုင်သည့်ဘက်မှ ကူညီဆောင် ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အသိအမြင် ဗဟုသုတများ ကျယ်ပြန့်လာမှသာလျှင် ၎င်းတို့၏ လူမှုစီးပွားဘဝများ တိုးတက်မှုကို ဖော်ဆောင်ရာ၌ အထောက်အကူ ပိုမိုဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက် နေခြင်းဖြစ်သည့်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေ အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စိတ်အတွင်း၌ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းပြည် ကိုချစ်မြတ်နိုးသည့်စိတ်များ ကိန်းအောင်းနေစေရေး၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်ထက်မြက်စေ ရေးတို့အတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ် ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေး၊ စည်းရုံးရေး နယ်မြေများအလိုက် တပ်နှင့်ပြည်သူတစ်သားတည်း ဖြစ်စေရေး၊ တပ်မတော်သားများနှင့် မိသားစုဝင်များ ၏ သက်သာချောင်ချိရေးတို့ကိုလည်း အလေးထား ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ် သည်များကို လမ်းညွှန်မှာကြားသည်။

**တွေ့ဆုံအမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်သည် တိုင်းစစ်ဌာနချုပ် အောင်ဇေယျ ခန်းမ၌ ခိုလမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစု များအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီး များ၊ ခိုလမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ၌ ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးစုပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိပြီး ပထဝီမြေအနေအထားအရ အရေးပါသည့် နေရာဒေသတစ်ခုဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံ ရေးတာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်ပြီး ထိုသို့ ထမ်းဆောင်ရာ၌ တိုင်းစစ်ဌာနချုပ်များအနေဖြင့် မိမိတို့ကွပ်ကဲရသည့် တပ်များ၏ စွမ်းရည်များ တိုးတက်လာစေရေး၊ စစ်သည်များ၏ စွမ်းရည်များ ထက်မြက်လာစေရေး အမြဲမပြတ်လေ့လာသုံးသပ် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း အစိုးရအဆက်ဆက် ပြောင်းလဲလာခဲ့သော်လည်း တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထား၍ ခေတ်အဆက် ဆက်ထမ်းဆောင်ခဲ့ခြင်းဖြစ်**ကြောင်း၊ ထို့ကြောင့် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး စဉ်ဆက်မပြတ် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စစ်အခြေခံသဘောတရားအပေါ်တွင် မူတည်၍ မိမိတို့ထမ်းဆောင်ရသည့် တာဝန်များကို ဒေသအခြေ အနေ၊ ခေတ်ကာလအခြေအနေတို့နှင့် လိုက်လျော ညီထွေစွာ ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ကို

**စာမျက်နှာ ၅ သို့** ☆

**☆ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်ပြီး ထိုသို့ထမ်းဆောင်ရာ၌ တိုင်းစစ်ဌာနချုပ်များအနေဖြင့် မိမိတို့ကွပ်ကဲရသည့် တပ်များ၏ စွမ်းရည်များ တိုးတက်လာစေရေး၊ စစ်သည်များ၏ စွမ်းရည်များ ထက်မြက်လာစေရေး အမြဲမပြတ် လေ့လာသုံးသပ်ဆောင်ရွက်နေရမည်**

**☆ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း အစိုးရအဆက်ဆက် ပြောင်းလဲလာခဲ့သော်လည်း တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထား၍ ခေတ်အဆက်ဆက်ထမ်းဆောင်ခဲ့**

**☆ တပ်မတော်၏အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်**

☆ စာမျက်နှာ ၄ မှ

ထမ်းဆောင်နိုင်ရန်အတွက် စွမ်းရည်စွမ်းအားရှိသည့် တပ်များဖြစ်ရန်လိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးဆိုသည်မှာ ပြည်ပကျူးကျော်သည့်ရန်မှ ကာကွယ်ရေးဖြစ်သော်လည်း မိမိတို့နိုင်ငံ၏ လိုအပ်ချက်အရ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် ယခင်ကဖြစ်ပွားခဲ့သည့် ပြည်ပရန်ကာကွယ်ရေး တရုတ်ကူမင်တန်ကျူးကျော်မှုများ၊ ကုလားဆိုးသောင်းကျန်းသူများကို တပ်မတော်အနေဖြင့် နှိမ်နင်းခဲ့ရကြောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) အပါအဝင် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများကိုလည်း တိုက်ခိုက်နှိမ်နင်းခဲ့ရကြောင်း၊ ထိုအချိန်က တပ်မတော်အနေဖြင့် အင်အားနည်းပါးခဲ့သော်လည်း စနစ်တကျစုဖွဲ့ပြီး သောင်းကျန်းသူချေမှုန်းရေး စစ်ဆင်ရေးများကို ဆောင်ရွက်ခဲ့ကြောင်း၊ **“တိုက်ရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းတိုက်”**၊ **“တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်”**ဖြင့် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

ထို့နောက် တပ်မတော်ကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ပြည်ပရန်ကာကွယ်ရေးအတွက်လည်း ခေတ်မီတပ်မတော်ဖြစ်စေရေး တပ်မတော်ခေါင်းဆောင်များက ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တပ်တစ်တပ်ချင်း၊ တပ်မတော်သားများ တစ်ဦးချင်းစီ၏ စွမ်းရည်၊ စွမ်းပကားများကို မြှင့်တင်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းအနေဖြင့် စွမ်းရည်ရှိသည့်သူများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ **စစ်သည်တစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်မှုရှိရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုရှိရန်လို**ကြောင်း၊ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာအရ ကျန်းမာကြံ့ခိုင်နေမှသာလျှင် ခက်ခဲကြမ်းတမ်းသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ ရဲစွမ်းသတ္တိရှိမှသာလျှင် တိုက်ရဲခိုက်ရဲသည့် စိတ်များရှိမည်ဖြစ်သဖြင့် ရဲစွမ်းသတ္တိရှိစေရေး လေ့ကျင့်မွေးမြူသွားရန်လိုကြောင်း၊ ကျွမ်းကျင်မှုရှိရန်ဆိုရာတွင် သင်ကြားထားသည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကို ကျွမ်းကျင်မှုရှိရန် လိုအပ်သကဲ့သို့ စစ်မြေပြင်၌ တာဝန်ထမ်းဆောင်ချိန်တွင် မိမိတို့တာဝန်အလိုက် ကိုင်တွယ်အသုံးပြုရသည့် စစ်လက်နက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန်လည်းလိုကြောင်း၊ အဆိုပါ အရည်အချင်းသုံးရပ်နှင့်ပြည့်စုံစေရေး တပ်မှူးများအနေဖြင့် နေ့စဉ်လုပ်ဆောင်ရမည့် သမားစဉ်လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် လုပ်ဆောင်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် လေ့ကျင့်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက အရည်အချင်းပြည့်ဝသည့် တပ်မတော်သားများ ဖြစ်လာမည်ဖြစ်ကြောင်း။

**လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး**

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲအပိုင်း (၁)နှင့် အပိုင်း(၂)ကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း အပိုင်း(၃)ကို ဆက်လက် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ မဲစာရင်းများ မှန်ကန်စေရေး၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အပါအဝင် ရွေးကောက်ပွဲကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်ခဲ့ကြောင်း၊ ပါတီများဖွဲ့စည်းခွင့်နှင့် မှတ်ပုံတင်ခွင့်များကိုလည်း ၂၀၂၃ ခုနှစ်ကတည်းက ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ ပါတီများအနေဖြင့် ပါတီဝင်စည်းရုံးခွင့်နှင့် ပါတီတည်ဆောက်ချိန်လုံလောက်စွာ ရရှိခဲ့ကြောင်း၊ ရွေးကောက်ပွဲကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ ကျင်းပနေခြင်းဖြစ်ပြီး ပါတီများအနေဖြင့်လည်း ဒေသအလိုက် သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံနိုင်သည့် ပါတီကြီးများရှိသကဲ့သို့ ဒေသအလိုက် ယှဉ်ပြိုင်သည့်ပါတီများ၊ တစ်သီးပုဂ္ဂလပုဂ္ဂိုလ်များလည်းရှိကြောင်း၊ ကျင်းပပြီးသည့် ရွေးကောက်ပွဲအပိုင်း (၁)နှင့် (၂) ရလဒ်များအား စာရင်းဇယားများဖြင့် ပွင့်လင်းမြင်သာစွာကြေညာပေးပြီးဖြစ်ကြောင်း၊ လာမည့် မတ်လအတွင်း လွှတ်တော်ခေါ်ယူ၍ အနိုင်ရရှိသည့်အစိုးရအဖွဲ့အား လုပ်ငန်းစဉ်များအတိုင်း နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် အစိုးရအဖွဲ့များ ခေတ်အဆက်ဆက် မည်သို့ပင်ပြောင်းလဲလျက်ရှိသော်လည်း တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်နေမည့် ခိုင်မာသည့် အဖွဲ့အစည်းပင်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင်လည်း တက်လာသည့် အစိုးရများနှင့် သဟဇာတဖြစ်စွာပူးပေါင်း၍ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ခဲ့ပြီး စည်းကမ်းတကျဖြင့် တာဝန်ထမ်းဆောင်သည့်အဖွဲ့အစည်းဖြစ်ကြောင်း။

**စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး**

နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရာတွင် စွမ်းရည်စွမ်းအားများ ပြည့်ဝနေရန်လိုအပ်မည်ဖြစ်သဖြင့် စွမ်းအားရှိသည့်တပ်ဖြစ်စေရေး နိုင်ငံတော်မှလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များအားလုံးကို ခေတ်နှင့်အညီ အဆင့်မီတိုးတက်နေစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲလာသည့် စစ်ဘက်ဆိုင်ရာနည်းပညာများ၊ အသုံးအဆောင်ပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စွမ်းရည်ရှိသည့် တပ်မတော်သားများ ဖြစ်စေရေးအတွက်လည်း လေ့ကျင့်ရေးတာဝန်များကို မှန်မှန်ကန်ကန် ထမ်းဆောင်သွားကြရန်လိုကြောင်း။

စွမ်းရည်ရှိပြီး အရည်အချင်းရှိသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သားတစ်ဦးချင်း၏ အဆင့်များအလိုက်အသိပညာ၊အတတ်ပညာများရှိရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် မိမိနိုင်ငံနှင့် သက်ဆိုင်သော ဗဟုသုတများ၊ နိုင်ငံတကာနှင့် သက်ဆိုင်သည့် ဗဟုသုတများ၊ တိုင်းရင်းသားရေးရာ ဗဟုသုတများ သိရှိနေရန်လိုအပ်သဖြင့် အမြဲမပြတ်လေ့လာနေရန်လိုကြောင်း၊ အရည်အချင်းရှိသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သားများအားလုံး အတန်းပညာမြင့်မားရေးကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ခေတ်သစ်စစ်ပွဲများတွင် အသုံးပြုသည့် စစ်အသုံးအဆောင်ပစ္စည်းများကို အသုံးပြုနိုင်ရန်အတွက် အတန်းပညာရှိသည့် စစ်သည်များလိုအပ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး အတန်းပညာမြင့်မားရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများ အားလုံးအနေဖြင့် အဆင့်အလိုက် တတ်မြောက်ရမည့် အတတ်ပညာများ တတ်မြောက်စေရေးအတွက်လည်း တန်းမြင့်သင်တန်းကျောင်းများတွင် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အတတ်ပညာများရရှိစေရေး အတန်းပညာများကို သင်ကြားရန်လိုသကဲ့သို့ အသိပညာရှိရန်အတွက် စာအုပ်စာပေများကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ အတန်းပညာ၊ အတတ်ပညာရှိမှ လူတော်ဖြစ်လာမည်ဖြစ်ပြီး အသိပညာရှိမှသာလျှင်လည်း လူကောင်းများဖြစ်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကို ပြန်လည်လေ့လာကြည့်မည်ဆိုပါက အခြေခံအားဖြင့် တစ်ဦးချင်းအတန်းပညာအားနည်းမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ အတန်းပညာများ အားနည်းမှုကြောင့် စည်းကမ်းလိုက်နာမှုနှင့် တွေးခေါ်မြော်မြင်မှုများနည်းပါးခြင်း၊ နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်နိုင်မှုမရှိခြင်းတို့ကြောင့် ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများအကြားတွင် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း၊ အတန်းမြင့်မားသူများအနေဖြင့် ဆရာဆရာမများ၏ သွန်သင်ဆုံးမမှုများကို ခံယူထားရပြီး စည်းကမ်းစနစ်တကျဖြင့် အတန်းပညာများ သင်ယူခဲ့ရသောကြောင့် များသောအားဖြင့် စည်းကမ်းကောင်းမွန်သူများဖြစ်ကြသည်ကို လေ့လာတွေ့ရှိရကြောင်း၊ တပ်မတော်တွင် စည်းကမ်းသည် တပ်မတော်၏ကျောရိုးဖြစ်ပြီး စိတ်ဓာတ်များလည်း ကောင်းမွန်နေရန်လည်းလိုကြောင်း၊ စည်းကမ်းနှင့် စိတ်ဓာတ်ကောင်းမွန်သူများသာ လုပ်ငန်းတာဝန်များနှင့် ရည်မှန်းချက်များ အောင်မြင်မှုများရရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စည်းကမ်းကောင်းသည့် တပ်များနှင့် တပ်မတော်သားများဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်၌ နိုင်ငံတော်၏ ကုန်သွယ်မှုလိုငွေပြမှုမြင့်မားသဖြင့် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေမှာ လျော့နည်းလာခဲ့ကြောင်း၊ သို့သော် စီးပွားရေးတိုးတက်မှု ပိုမိုရရှိအောင် ဆောင်ရွက်ရဦးမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာစေရေး တပ်မတော်သားများအနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ဆုံးရှုံးရလျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၌ ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာရှင် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်သဖြင့် ပညာရေးကို မဖြစ်မနေအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် တာဝန်ထမ်းဆောင်သည့် ငါးနှစ်တာကာလအတွင်း ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ၊ သဘာဝဘေးဒဏ်များဖြစ်ပေါ်ခဲ့မှုများ၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့မှုများကြားမှ အခက်အခဲများ၊ အကျပ်အတည်းများစွာကို ကျော်ဖြတ်၍ နိုင်ငံတော်၏ စီးပွားရေးကို တိုးတက်အောင်ဆောင်ရွက်ခဲ့ရကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် ကာကွယ်ရေးအတွက် အင်အားတောင့်တင်းသည့် တပ်မတော်တစ်ခုရှိရမည်ဖြစ်ပြီး တပ်မတော်အင်အားမတောင့်တင်းပါက ပြည်ပမှစွက်ဖက်ခြင်းများကို ခံရနိုင်သဖြင့် စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် တိုင်းရင်းသားပြည်သူများမှ ပေါက်ဖွားလာသူများဖြစ်သဖြင့် စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြရန်လိုကြောင်း၊ ထို့ပြင် **မိမိတို့နိုင်ငံ တည်ရှိနေသည့် ပထဝီအနေအထားအရ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးအနေဖြင့် စည်းလုံးညီညွတ်မှုရှိရန်နှင့် နိုင်ငံတော်ကာကွယ်ရေးကို စုစည်းညီညွတ်သည့်အားဖြင့် တည်ဆောက်နိုင်ရမည်ဖြစ်**ကြောင်း၊ တပ်မတော်သားအားလုံးအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေသကဲ့သို့ ဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များဖတ်ရှုခြင်း၊ ပြည်တွင်းပြည်ပသတင်းများအား ကြည့်ရှုလေ့လာခြင်းများပြုလုပ်ခြင်းဖြင့် အသိပညာဗဟုသုတများ မြင့်မားလာပြီး ဆင်ခြင်တုံတရားများလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်နှင့် နိုင်ငံသားများက အားကိုးအားထားရသည့် တန်ဖိုးရှိသည့် တပ်မတော်သားများ ဖြစ်လာမည်ဖြစ်ကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်များ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခိုလမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်က လက်ခံရယူစဉ်။

# ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်သည့် ကြားနာပွဲတွင် မြန်မာ၏ရှေ့နေများက ဆက်လက်တုံ့ပြန်ချေပလျှောက်လဲ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့် ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံ၏ ပထမအကျော့ တင်ပြလျှောက်ထားခြင်းကို ဇန်နဝါရီ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ပြုလုပ်ခဲ့ရာ ရှေးဦးစွာ မြန်မာ၏ ရှေ့နေ Mr. Sam–Bloom Cooper နှင့် မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr.Christopher Staker တို့က တုံ့ပြန်ချေပ လျှောက်လဲခဲ့သည်။

ထို့နောက် မြန်မာ၏ ရှေ့နေ Ms. Leigh Lawrie က အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးဟုဆိုကာ တပ်မတော်က ဘင်္ဂါလီများအပေါ် လူမျိုးသုဉ်းစေရန် ရည်ရွယ်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီရွာတိုင်းတွင် စစ်ဆင်ပုံ (pattern of conduct) ကို တစ်ပုံစံတည်း ဆောင်ရွက်ခဲ့ကြောင်း ဂမ်ဘီယာက စွပ်စွဲမှုကို ရွာ ၄၂ ရွာဖြစ်စဉ်များနှင့် ကိုးကားတုံ့ပြန်ချေပခဲ့ပြီး မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker က ဘင်္ဂါလီများအပေါ် လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ဖြင့် ချမှတ်ခဲ့ပြီး ခွဲခြားဆက်ဆံသည်ဟု ဂမ်ဘီယာက စွပ်စွဲထားသော ဥပဒေများ၊ မူဝါဒများနှင့်စပ်လျဉ်း၍ ချေပလျှောက်လဲခဲ့သည်။ **(မြန်မာ၏ရှေ့နေ Ms. Leigh Lawrie နှင့် မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker တို့၏ တုံ့ပြန်ချေပလျှောက်လဲချက်များကို သီးခြားဖော်ပြထားပါသည်။)**

သတင်းစဉ်




## အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးဟုဆိုကာ တပ်မတော်က ဘင်္ဂါလီများအပေါ် လူမျိုးသုဉ်းစေရန် ရည်ရွယ်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီရွာတိုင်းတွင် စစ်ဆင်ပုံ (pattern of conduct) ကို တစ်ပုံစံတည်း ဆောင်ရွက်ခဲ့ကြောင်း ဂမ်ဘီယာက စွပ်စွဲမှုကို မြန်မာ၏ရှေ့နေ Ms. Leigh Lawrie က ရွာ ၄၂ ရွာဖြစ်စဉ်များနှင့် ကိုးကားတုံ့ပြန်ချေပချက်

မြန်မာအနေဖြင့် လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်မရှိကြောင်းကို ရွာများတွင် ဖြစ်ပွားခဲ့မှုများကို အသေးစိတ် ခွဲခြားစိတ်ဖြာ လေ့လာလျှောက်လဲမည်ဖြစ်ကြောင်း။

ဂမ်ဘီယာ၏ အဓိကစွပ်စွဲချက်မှာ တပ်မတော်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီရွာများကို တစ်ပုံစံတည်းစစ်ဆင်ခဲ့ပြီး ရွာတိုင်းတွင် လူပေါင်းရာချီကို သတ်ဖြတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့ကို တစ်ပုံစံတည်း ပြုလုပ်ခဲ့သည်ဟုဆိုကာ လူမျိုးသုဉ်းစေရန် ရည်ရွယ်ခဲ့သည်ဟု စွပ်စွဲထားခြင်းဖြစ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် ယင်းစွပ်စွဲမှုကို သက်သေပြနိုင်ခြင်းမရှိပါက လူမျိုးသုဉ်းစေမှု မမြောက်ပါကြောင်း၊ ထို့ကြောင့် တပ်မတော်က ရွာတိုင်းတွင် စစ်ဆင်ပုံ (pattern of conduct) တစ်ပုံစံတည်းမဟုတ်ကြောင်း ရှင်းလင်းလျှောက်လဲသွားမည်ဖြစ်ကြောင်း။

ပထမအချက်အနေဖြင့် ဂမ်ဘီယာအနေဖြင့် စုစုပေါင်း ရွာမည်မျှတွင် တစ်ပုံစံတည်းဆောင်ရွက်ထားသည်ကို ဖော်ပြနိုင်ခြင်းမရှိကြောင်း၊ ၎င်းတို့၏ အဆိုလွှာတွင် အဓိက ၃ နေရာ၊ အခြား ၃၈ ရွာ ဖော်ပြခဲ့ကြောင်း၊ ဒုတိယမြောက်အဆိုလွှာတွင် နောက်ထပ် ရွာ ၄ ရွာ ထပ်မံဖော်ပြခဲ့သဖြင့် စုစုပေါင်း ရွာ ၄၆ ရွာကို ဆိုလိုခြင်းဟု ယူဆရပြီး ယခင်က ရွာပေါင်းရာချီဟု ဆိုလိုခြင်းမဖြစ်နိုင်ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ဖြစ်စဉ်မတိုင်မီ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဘင်္ဂါလီရွာ သို့မဟုတ် ဘင်္ဂါလီရှိသည့်ရွာ စုစုပေါင်း ၅၀၉ ရွာ ရှိကြောင်း၊ သို့ဖြစ်ရာ ဂမ်ဘီယာက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီနေထိုင်သည့် ရွာများထဲမှ ၁၀ ရာခိုင်နှုန်းသောရွာများကို စွပ်စွဲနေခြင်းဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် စစ်ဆင်ရေး တစ်ပုံစံတည်းဆောင်ရွက်ခဲ့ခြင်းဆိုသည့် consistent pattern စွပ်စွဲချက်ကို သက်သေအထောက်အထားအခိုင်အလုံဖြင့် လေ့လာဖော်ပြနိုင်ခြင်းမရှိကြောင်း၊ တစ်ပုံစံတည်းဟုဆိုရာတွင် ရွာအားလုံးတွင် ထပ်ကာတလဲလဲဖြစ်ရပ်များ ရှိရန်လိုအပ်ကြောင်း၊ သို့မဟုတ်ပါက စွပ်စွဲချက်မှာ ခန့်မှန်းချက်သက်သက်သာဖြစ်သည်ဟုသာ ယူဆနိုင်ကြောင်း။

တတိယအချက်အနေဖြင့် စွပ်စွဲချက်များကို တိတိပပဖော်ပြနိုင်ခြင်းမရှိသလို သက်သေထွက်ဆိုချက်များတွင် မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်ရက်တွင် မည်သည့်နေရာ၌ ဖြစ်ပွားကြောင်းကို ဖော်ပြနိုင်ခြင်းမရှိကြောင်း၊ စွပ်စွဲချက်များတွင် “လှျာနှင့် လက်များပြတ်နေသည်”၊ “ရာပေါင်းများစွာသောအလောင်းများကို သစ်ပင်၌ ချိတ်ဆွဲထားသည်”၊ “ဦးခေါင်းများ ဘောလုံးများကဲ့သို့ ရေထဲ၌မျောနေသည်” ဆိုသည့် စွပ်စွဲချက်များကို Public International Law & Policy Group(PILPG) နှင့် US State Department တို့မှ ရရှိသည်ဟု သိရှိရကြောင်း၊ PILPG ၏ အစီရင်ခံစာတွင် မေးမြန်းချက်များသာဖြစ်ပြီး US State Department အစီရင်ခံစာက အချက်အလက်များအား မည်သို့ရရှိထားသည်ကို ဖော်ပြထားခြင်းမရှိကြောင်း၊ အဆိုပါ အချက်အလက်များသည် ခံစားချက်အပြည့်ပါသော်လည်း ယခုကိစ္စသည် ခံစားချက်ကို ဖော်ကျူးရန်မဟုတ်ကြောင်း၊ ယင်းသို့ မသေချာ မရေရာသည့် စွပ်စွဲချက်များကို မြန်မာသာမက မည်သည့်နိုင်ငံမှ အပြုသဘောတုံ့ပြန်ရန် မဖြစ်နိုင်ကြောင်း။

စတုတ္ထအချက်အနေဖြင့် ဂမ်ဘီယာက သက်သေခိုင်လုံမှုကို ပြသရမည့်အစား မြန်မာက သက်သေအထောက်အထားများအား အသေးစိတ်လေ့လာပေးနေရကြောင်း၊ မြန်မာအနေဖြင့် တစ်ရွာချင်းကို သုံးသပ်လေ့လာခဲ့ရာ ဂမ်ဘီယာက စွပ်စွဲသကဲ့သို့ ရွာ ၄၆ ရွာတွင် တစ်ပုံစံတည်း စစ်ဆင်ရေးပြုလုပ်ခဲ့သည်မှာ မှန်ကန်မှုမရှိသည်ကို တွေ့ရှိရကြောင်း။

သို့ဖြစ်ရာ စစ်ဆင်ရေးဆောင်ရွက်ပုံရှိခဲ့သည်ဟု ဖော်ပြမည်ဆိုပါက တပ်မတော်အနေဖြင့် ARSA အကြမ်းဖက်အဖွဲ့အစည်း၏ အကြမ်းဖက်မှုကို တုံ့ပြန်ခြင်းသာဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပစ်မှတ်ကို အဓိကထားချေမှုန်းခြင်းဖြစ်ပြီး အချိန်အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။



ဂမ်ဘီယာ၏ စွပ်စွဲချက်များတွင်ပါရှိသော ရွာ ၄၂ ရွာဖြစ်သည့် ဂူတာပြင်၊ အလယ်သံကျော်၊ မြင်းလွှတ်၊ ကျောက်ပန်ဒူ၊ ကိုးတန်ကောက်/ ချိန်ခါလီ၊ အင်းဒင်၊ ဒိုးတန်း၊ ငါးခူရ၊ ငါးစားကြူး၊ ကြက်ရိုးပြင်၊ ပွင့်ဖြူချောင်း၊ ဦးရှည်ကျ၊ မျောတောင်၊ ရေခတ်ချောင်းဝ္ဂဆုံ၊ ဒါးကြီးဇား၊ ဝပိတ်၊ ဒါးပိုင်ဆရာ၊ ငန်းချောင်း၊ ဖားဝတ်ချောင်း၊ ဇင်ပိုင်ညာ၊ ကြိမ်ချောင်း/ ဒုံးပိုက်/ ရှီးဒါး၊ လောင်းဒုံ၊ နောင်ဒါခါလီ၊ ဖောင်တော်ပြင်၊ ခြင်းသမား၊ မောင်ကြီးထောင့်၊ ခုံတိုင်/ မြောင်းနား၊ ယင်းမကျောင်းတောင်၊ တောင်ဘဇာ၊ သဘော်ကွဲ၊ ဖက်လိပ်၊ ဂေါ်ဒုသာရ၊ လာဘာဒေါင်၊ ဟန်ချာမဂူလန်၊ ကွမ်းသီးပြင်၊ တမန်းသား၊ ဒုအိုးသည်မ၊ ကာလာဒေးဖက်၊ သပြေတော၊ ပန်းဘဲချောင်းများကို အသေးစိတ်လေ့လာကြည့်ခဲ့ပါကြောင်း။

ယင်းသို့လေ့လာကြည့်ရာတွင် ပထမအချက်အနေဖြင့် ဂမ်ဘီယာ အဓိကစွပ်စွဲချက်မှာ တပ်မတော်အနေဖြင့် ရခိုင်ပြည်နယ်ရှိ ရာချီသော ဘင်္ဂါလီရွာများကို တစ်ပုံစံတည်း စစ်ဆင်တိုက်ခိုက်ခဲ့ပြီး ယင်းကို ရွာ ၄၆ ရွာဖြင့် သက်သေပြခဲ့သည်ကို တွေ့ရှိခဲ့ကြောင်း။

ဒုတိယအချက်အနေဖြင့် အသေးစိတ်လေ့လာတွေ့ရှိချက်များအရ အထူးသဖြင့် ရွာ ၄၂ ရွာတွင် စစ်ဆင်ရေးကို တစ်ပုံစံတည်းပြုလုပ်သည်ကို မတွေ့ရှိရကြောင်း၊ ရွာ ၁၇ ရွာ သို့မဟုတ် စွပ်စွဲခံရသည့်ရွာအားလုံး၏ တစ်ဝက်နီးပါးတွင် မည်သည့် လိင်အကြမ်းဖက်မှုမျိုးမျှ ဖြစ်ပွားခဲ့သည်ဟု စွပ်စွဲထားခြင်းမရှိကြောင်း၊ ရွာ ၁၂ ရွာ သို့မဟုတ် ရွာအားလုံး၏ လေးပုံတစ်ပုံတွင် သတ်ဖြတ်မှုများ မရှိခဲ့ကြောင်း၊ ဖြစ်ပွားခဲ့သည့်ရွာ ၁၁ ရွာဆိုသည်မှာ ၂၀၁၆ ခုနှစ်က ဖြစ်စဉ်များဖြစ်ကြောင်း၊ ရွာ ၃ ရွာတွင် စွပ်စွဲမှုတစ်ခုသာရှိပြီး သေဆုံးသူတစ်ဦးသာ ရှိကြောင်း။

တတိယအချက်အနေဖြင့် ရွာတစ်ရွာချင်းစီကို အသေးစိတ်လေ့လာရာတွင် တပ်မတော်က ARSA ၏ အကြမ်းဖက်မှုကို တုံ့ပြန်တိုက်ခိုက်ခြင်း၊ အချိန်အကန့်အသတ်ဖြင့်သာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ARSA အကြမ်းဖက်တိုက်ခိုက်မှုများမှာ ပူးပေါင်းချိတ်ဆက်ပြီး ဆက်တိုက် တိုက်ခိုက်ခဲ့သည်ကို တွေ့ရှိရသဖြင့် ထိုအချိန်ကာလအပိုင်းအခြားတွင် အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဂမ်ဘီယာက “တပ်မတော်၏ စစ်ဆင်ရေးကို အံ့သြဖွယ်ရာတိုက်ဆိုင်မှု၊ ရွာ ၇၆ ရွာကို တစ်ပြိုင်တည်း တိုက်ခိုက်မှုကို မတော်တဆဟု ဆို၍မရကြောင်း” ဟူသော စွပ်စွဲချက်များကို ကြည့်ခြင်းအားဖြင့် ထိုအချိန်ကာလတွင် မြေပြင်၌ ဖြစ်ပွားခဲ့သည့်အခြေအနေများကို အသိအမှတ်ပြုရန် ပျက်ကွက်နေကြောင်း၊ ဂမ်ဘီယာသည် ယခုထက်တိုင် မြန်မာက ဖော်ညွှန်းသည့် ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ငြင်းဆိုခြင်းမပြုသော်လည်း မသိကျိုးကျွန်ပြုသည့် ရပ်တည်ချက်ထားရှိသည်မှာ ရိုးသားမှုမရှိကြောင်း လျှောက်လဲခဲ့ပါသည်။

**စည်းလုံးခြင်းသည် အင်အား ညီညွတ်ခြင်းသည် စွမ်းအား ငြိမ်းချမ်းခြင်းသည် အလှတရား**

# ဘင်္ဂါလီများအပေါ် လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ဖြင့် ချမှတ်ခဲ့ပြီး ခွဲခြားဆက်ဆံသည်ဟု ဂမ်ဘီယာက စွပ်စွဲထားသော ဥပဒေများနှင့် မူဝါဒများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker က ချေပလျှောက်လဲချက်

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီများအပေါ် ခွဲခြားဆက်ဆံသည့်ဥပဒေများနှင့် မူဝါဒအမျိုးမျိုးကို ကျင့်သုံးခဲ့သည်ဟု လူမျိုးသုဉ်းစေမှု၏ ရှေ့ပြေးနိမိတ်များ သို့မဟုတ် ၎င်းတို့ကိုယ်တိုင် လူမျိုးသုဉ်းစေမှုလုပ်ရပ်များဖြစ်သည်ဟု စွပ်စွဲထားခြင်းအပေါ် မြန်မာနိုင်ငံ၏ ချေပလွှာတစ်ခုချင်းစီ၏ အခန်း (၁၀) တွင် တုံ့ပြန်ထားပြီးဖြစ်ပါကြောင်း၊ ယင်းစွပ်စွဲချက်များကိုကြည့်ပါက ဂမ်ဘီယာအနေဖြင့် သတိမမူဘဲ အဆုံးစွန်သော စွပ်စွဲချက်များကို လက်လွတ်စပယ်ပြုလုပ်နေသည်မှာ ထင်ရှားပါကြောင်း။

မြန်မာနိုင်ငံသည် ၁၉၈၂ ခုနှစ်တွင် နိုင်ငံသားဖြစ်မှုဥပဒေအရ နိုင်ငံသားအမျိုးအစား သုံးမျိုးကိုသတ်မှတ်ခဲ့ပြီး ၎င်းတို့ကို "နိုင်ငံသား"၊ "ဧည့်နိုင်ငံသား" နှင့် "နိုင်ငံသားပြုခွင့်ရသူ"ဟု ခေါ်ဆိုပါကြောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည် "နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ်သော အခွင့်အရေးများမှအပ.. [အပြည့်အဝ] နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများကို" ခံစားခွင့်ရှိပါကြောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည် ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော်လည်း ကိုယ်စားလှယ်လောင်းအဖြစ် အရွေးချယ်ခံပိုင်ခွင့်မရှိပါကြောင်း၊ သို့သော်လည်း ၎င်းတို့သည် နိုင်ငံသားကဲ့သို့ပင် မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင်မဆို နေထိုင်အလုပ်လုပ်ကိုင်နိုင်ပြီး မြန်မာနိုင်ငံကူးလက်မှတ် ရရှိပိုင်ခွင့်ရှိပါကြောင်း၊ ဤဥပဒေပါ မည်သည့်အချက်မျှ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီများအပေါ်သာ သီးသန့်သက်ရောက်ခြင်း မရှိပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် နိုင်ငံသားဖြစ်မှု သို့မဟုတ် လူမျိုးအဆင့်အတန်း တစ်မျိုးထက်ပို၍ရှိသည့် တစ်ခုတည်းသော နိုင်ငံမဟုတ်ပါကြောင်း၊ နိုင်ငံသားဖြစ်မှု ပုံစံအမျိုးမျိုးတည်ရှိနေခြင်းသည် လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်ဖြစ်သည်ဟုဆိုရန် ခက်ခဲပါကြောင်း၊ ဂမ်ဘီယာသည် ဘင်္ဂါလီများမှာ နိုင်ငံသားဖြစ်ခွင့် "ငြင်းပယ်ခံထားရသည်" ဟူသောအမြင်ကိုဖန်တီးရန် ကြိုးပမ်းနေပုံရပြီး ယင်းအချက်မှာ မှန်ကန်ခြင်းမရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ဘင်္ဂါလီအချို့မှာ အပြည့်အဝနိုင်ငံသားများဖြစ်ကြပြီး အချို့မှာ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူများဖြစ်ကြကာ အချို့မှာမူ လျှောက်ထားပါက နိုင်ငံသားအဆင့်အတန်းတစ်မျိုးမျိုး ရရှိပိုင်ခွင့်ရှိသူများ ဖြစ်ပါကြောင်း၊ အမှန်စင်စစ် ဤဥပဒေသည် ဘင်္ဂါလီလူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖျက်ဆီးရန် ရည်ရွယ်ချက်ကို မည်သို့ဖော်ပြနေသည်ကို ဂမ်ဘီယာက ခိုင်လုံသောသက်သေ အထောက်အထား တစ်စုံတစ်ရာမျှ တင်ပြနိုင်ခြင်းမရှိပါကြောင်း။

၂၀၁၅ ခုနှစ်မှစ၍ "NV" လုပ်ငန်းစဉ်အရ နိုင်ငံသားစိစစ်ခံရသူ၏ သက်သေခံကတ်ပြား "NVC" စာရွက်စာတမ်းအတွက် ကနဦးလျှောက်ထားရန် လိုအပ်ပါကြောင်း၊ နိုင်ငံသားဖြစ်မှုပုံစံတစ်မျိုးမျိုးအတွက် အရည်အချင်းမပြည့်မီသူများကို နိုင်ငံသားကတ် ထုတ်ပေးမည်မဟုတ်သော်လည်း မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင်နိုင်ပြီး NVC ကို ဆက်လက်ကိုင်ဆောင်နိုင်ပါကြောင်း။

ရခိုင်ပြည်နယ်ရှိဘင်္ဂါလီအမြောက်အမြားသည် မြန်မာနိုင်ငံအခြားနေရာများမှ သူများကဲ့သို့ပင် NVC လျှောက်ထားခဲ့ကြပါကြောင်း၊ ထိုသို့ လျှောက်ထားသူများအနက် အများစုသည် နောက်ပိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ စိစစ်ရေးကတ်ပြားများရရှိခဲ့ကြပါကြောင်း၊ သို့သော် NVC မလျှောက်ထားသော ဘင်္ဂါလီအမြောက်အမြားလည်း ရှိနေပါကြောင်း၊ NVC ကိုင်ဆောင်ထားသူသည် မိမိတို့၏မြို့နယ်အတွင်း လွတ်လပ်စွာသွားလာနိုင်ပါကြောင်း၊ ဂမ်ဘီယာသည် NVC လျှောက်ထားသော ဘင်္ဂါလီတစ်ဦးအနေဖြင့် ၎င်းတို့၏ လူမျိုးအမည်ကို "ရိုဟင်ဂျာ"ဟု ဖော်ပြခွင့်မရှိဘဲ "ဘင်္ဂါလီ" ဟုသာ ဖော်ပြရခြင်းကိုသာ အဓိက ကန့်ကွက်လိုပုံရပါကြောင်း။

ဘင်္ဂါလီအမြောက်အမြား NVC လျှောက်ထားရန် ငြင်းဆန်ခဲ့ခြင်းမှာ နိုင်ငံရေးအကြောင်းပြချက်များကြောင့် သို့မဟုတ် တက်ကြွလှုပ်ရှားသူများ၏ မလျှောက်ထားရန် ဖိအားပေးမှုကို ခံခဲ့ရခြင်းကြောင့် ဖြစ်နိုင်ပါကြောင်း၊ သို့သော်လည်း လူအများစုက မြန်မာနိုင်ငံ၏ စီမံခန့်ခွဲမှုဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန်ငြင်းဆန်ခြင်းသည် မြန်မာနိုင်ငံ၏ လူမျိုးသုဉ်းစေမှု ရည်ရွယ်ချက်အတွက် သက်သေမဟုတ်ပါကြောင်း၊ အချို့သော တက်ကြွလှုပ်ရှားသူများသည် ဘင်္ဂါလီများကို မွေးရာပါနိုင်ငံသားဖြစ်ခွင့် အလိုအလျောက်ရရှိမည့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စုတစ်ခုအဖြစ် အသိအမှတ်ပြုရန် တောင်းဆိုနေကြခြင်းဖြစ်နိုင်ပါကြောင်း၊ သို့သော် မြန်မာနိုင်ငံက ထိုကဲ့သို့သော နိုင်ငံရေးတောင်းဆိုချက်များကို မလိုက်လျောခြင်းသည် သက်ဆိုင်ရာလူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာဖျက်ဆီးရန် ရည်ရွယ်ချက်ရှိနေခြင်းမဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ အာဏာပိုင်များသည် ဘင်္ဂါလီများအား NVC လျှောက်ထားရန်နှင့် လက်ခံရန် ဖိအားပေးနေကြောင်း ဂမ်ဘီယာ၏အဆိုကို မြန်မာနိုင်ငံက လက်ခံထားခြင်းမရှိပါကြောင်း၊ ယင်းအဆိုမှန်ကန်သည်ဖြစ်စေ ဤသည်မှာ ဘင်္ဂါလီလူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖျက်ဆီးရန်ရည်ရွယ်ချက်ကို ဖော်ပြနေခြင်းဖြစ်သည်ဟု ဆိုရန် ခက်ခဲပါကြောင်း။

ဘင်္ဂါလီအမြောက်အမြား နယ်စပ်ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးခဲ့သည့် ဖြစ်စဉ်များ ၁၉၇၈ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၁ ခုနှစ်တွင် တစ်ကြိမ်၊ နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ UNHCR တို့ ပူးပေါင်းသဘောတူညီချက်ဖြင့် ပြန်လည်ပို့ဆောင်ခဲ့ပါကြောင်း၊



သက်သေအထောက်အထားများအရ ထိုလူဦးရေပမာဏကို လျှော့ချရန် (သို့) ဘင်္ဂလားဒေ့ရှ်သို့ နှင်ထုတ်ရန်လုပ်ဆောင်ခဲ့သည့် ရည်ရွယ်ချက်ကိုပင် ဖော်ပြနိုင်ခြင်းမရှိ၊ လူမျိုးသုဉ်းစေမှုပြုလုပ်သည်ဟု မသတ်မှတ်နိုင်သကဲ့သို့ စွပ်စွဲချက်များသည် အခြေအမြစ်မရှိပါကြောင်း၊ ဖြစ်စဉ်များအပြီးတွင် မြန်မာနိုင်ငံက ပြန်လည်လက်ခံရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းသည် လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်ရှိနေသည် ဟူသောအချက်နှင့် ဆန့်ကျင်နေပါကြောင်း၊ ဂမ်ဘီယာက တင်ပြထားသောသက်သေများသည် UNHCR ဆိုင်ရာ အထူးကိုယ်စားလှယ်များနှင့် NGO များ၏ အစီရင်ခံစာများဖြစ်ပြီး အသေးစိတ်အချက်အလက်များ (သို့) သက်သေအထောက်အထားများမပါဝင်ဘဲ ယေဘုယျဆန်သော ဖော်ပြချက်များသာဖြစ်သည့်အတွက် သက်သေအဖြစ် အသိအမှတ်မပြုသင့်ပါကြောင်း။

"ကလေးမွေးဖွားမှုကို ကန့်သတ်ထားသည်ဆိုသော စွပ်စွဲချက်များနှင့်" စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေ (၄) ခုကို ဘင်္ဂါလီများ ကလေးမွေးဖွားမှုကို ကန့်သတ်သည့် မျိုးစောင့်ဥပဒေများအဖြစ် စွပ်စွဲဖော်ပြထားရာ ယင်းဥပဒေများနှင့်ပတ်သက်၍ မြန်မာက အချေလွှာတွင် ထည့်သွင်းချေပခဲ့ပြီး ယင်းတို့အပေါ် ဂမ်ဘီယာက တုံ့ပြန်နိုင်ခြင်းမရှိကြောင်း၊ အစိုးရက သတ်မှတ်ထားသော နယ်မြေများတွင် သားဆက်ခြားသည့် အစီအစဉ်များအတွက် လုပ်ငန်းစဉ်များ ပြဋ္ဌာန်းထားခြင်းသည် နိုင်ငံလုံးဆိုင်ရာဥပဒေဖြစ်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီလူဦးရေကို ဦးတည်ဆောင်ရွက်ခြင်းမဟုတ်ပါကြောင်း၊ ယင်းဥပဒေကို ၎င်းတို့အပေါ် အတင်းအကျပ် ချမှတ်အကောင်အထည်ဖော်ခဲ့ခြင်းမရှိကြောင်းကို ဂမ်ဘီယာဘက်မှ သက်သေများတွင် ကလေးနှစ်ဦးနှင့်အထက်ရှိနေသည်ကို ကြည့်ခြင်းဖြင့်သိနိုင်ပါကြောင်း၊ မွေးစာရင်းထုတ်ပေးရန် ပျက်ကွက်သည်ဆိုခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်ရှိ ပဋိပက္ခများအပြီးတွင် နှစ်အနည်းငယ်ကြာ ရပ်တန့်သွားခဲ့ရာ ၂၀၁၇ ခုနှစ်မှစ၍ မွေးစာရင်းထုတ်ပေးရန် စတင်ခဲ့ပြီး ဘင်္ဂါလီ ကလေးမွေးဖွားခြင်းကို ပြည်သူ့ကျန်းမာရေးဌာနသို့ အကြောင်းကြားခြင်း၊ မိဘများကလည်း မွေးစာရင်းလျှောက်ထားခြင်းနည်းပါးပါကြောင်း၊ ၁/၂၀၀၅ ဒေသန္တရအမိန့်သည် ၂၀၀၅ ခုနှစ်တွင် မောင်တောမြို့နယ် ဒေသအစိုးရက ထုတ်ပြန်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ရုပ်သိမ်းခဲ့သော ယာယီဒေသန္တရအမိန့်တစ်ခုဖြစ်ပြီး ယင်းဒေသန္တရအမိန့်ပါ အပိုဒ်ခွဲအားလုံးသည် မွတ်ဆလင်များသာမက မောင်တောမြို့နယ်ရှိ လူဦးရေတစ်ခုလုံးအပေါ်သက်ရောက်ခြင်းဖြစ်သည့်အတွက် ခွဲခြားဆက်ဆံမှုရှိသည်ဟု ခိုင်မာသည့်သက်သေလည်း မပြနိုင်သလို လူမျိုးသုဉ်းစေခြင်းလည်း မမည်ပါကြောင်း။

"သီးခြားခွဲထုတ်ထားရန်၊ ချုပ်နှောင်ထားရန်နှင့် ရိက္ခာဖြတ်တောက်ရန် မူဝါဒရှိခြင်း" စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ IDP စခန်းများတွင် နေထိုင်သူများသည် လွတ်လပ်စွာ ထွက်ခွာ/ သွားလာ၍ အလုပ်အကိုင်များ လုပ်ကိုင်နိုင်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးလျက်ရှိပြီး စခန်းများကို ပိတ်သိမ်းရန်နှင့် ပြန်လည်နေရာချထားပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အောင်မင်္ဂလာဆိုသည်မှာလည်း စစ်တွေမြို့၏ ရပ်ကွက်တစ်ခုမျှသာဖြစ်ပြီး ကျန်းမာရေးဝန်ဆောင်မှုများ၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှု၊ လူမှုရေးနှင့် ဘာသာရေး လုပ်ငန်းများကို မြို့နေအခြားသူများနည်းတူ လွတ်လပ်စွာဆောင်ရွက်နိုင်ကြောင်း။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခ ရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၀

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မှကိုယ်စားလှယ်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရန့်စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂) တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ကြေညာထားသည့် နေ့ရက်များအလိုက် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်းလိုက် ကျင်းပခဲ့ရာ မဲရုံများသို့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များအနက် ဆန္ဒမဲလာရောက်ပေးခဲ့မှုမှာ ရွေးကောက်ပွဲအပိုင်း(၁)တွင် ၅၂ ဒသမ ၁၃ ရာခိုင်နှုန်း ရှိခဲ့ပြီး ရွေးကောက်ပွဲ အပိုင်း(၂)တွင် ၅၅ ဒသမ ၉၅ ရာခိုင်နှုန်းအထိရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အကြမ်းဖက် သမားများက နှောင့်ယှက်ဟန့်တားဖျက်ဆီးသည့် အကြမ်းဖက်လုပ်ဆောင်ချက်များ ရှိခဲ့သော်လည်း မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ လွတ်လပ်သည့်သဘောဆန္ဒအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိစွာ ဆန္ဒမဲများပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

ရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပပြုလုပ်စဉ်က ကြုံတွေ့ခဲ့ရသည့်အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ပိုမိုလုံခြုံစိတ်ချကောင်းမွန်သော လုံခြုံရေးဆိုင်ရာ အစီအမံများအတိုင်း အင်အားဖြည့်တင်း၍ ဆောင်ရွက်ခဲ့ရာ ရွေးကောက်ပွဲအပိုင်း(၂)ကို ပိုမိုကောင်းမွန်စွာ ကျင်းပပေးနိုင်ခဲ့သဖြင့် ဆက်လက်ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း(၃)ကိုလည်း မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာလုံခြုံမှုရှိစွာဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လုံခြုံရေးစီမံချက်များအတိုင်း အင်အားဖြည့်တင်းပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ကြေညာထားသည့် စည်းကမ်းချက်များအတိုင်း တိကျစွာလိုက်နာ ဆောင်ရွက်စေရေး တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်မှ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများအား ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ “ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ”အရ အရေးယူဆောင်ရွက်မှု ၃၃၁ မှုတွင် တရားခံအမျိုးသား ၃၂၄ ဦး၊ အမျိုးသမီး ၈၀ စုစုပေါင်း ၄၀၄ ဦးရှိခဲ့ပြီး ဆက်လက်၍လည်း ရွေးကောက်ပွဲလုံခြုံရေးအား ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများအား စုံစမ်းဖော်ထုတ်အရေးယူခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရွေးကောက်ပွဲအပိုင်း(၃)တွင် ပါဝင်သည့် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရွေးကောက်ပွဲ အပိုင်း(၃)အတွက် လုံခြုံရေးဆောင်ရွက်ထားရှိမှု အစီအမံများ၊ ရွေးကောက်ပွဲကျင်းပပြီးနောက် ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ လုံခြုံရေးနှင့် လွှတ်တော်အသီးသီး ခေါ်ယူကျင်းပနိုင်ရေး လုံခြုံရေးအစီအမံများအား ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ဒုတိယဥက္ကဋ္ဌများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိုယ်စားလှယ်များက ဖြည့်စွက် အကြံပြုဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ခေါ်ယူကျင်းပနိုင်ရေး ကွင်းဆင်းဆောင်ရွက်



ပဲခူး ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ခေါ်ယူကျင်းပနိုင်ရေး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရုံးအတွင်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ခေါ်ယူကျင်းပမည့် ပင်မအစည်းအဝေးခန်းမ၊ ရေးရာကော်မတီရုံးခန်းများ၊ Control Room ၊ Mini Meeting Room နှင့် သင်တန်းခန်းမများ ပြင်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် အိပ်ဆောင်များ၊ စာကြည့်တိုက်နှင့် စားရိပ်သာ အဆောင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရွေးကောက်ပွဲအပိုင်း(၃)တွင် ပါဝင်သည့် ပုသိမ်ကြီးမြို့နယ်အတွင်း မဲရုံများ ဖွင့်လှစ်ပြင်ဆင်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်



မန္တလေး ဇန်နဝါရီ ၂၀

မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမို ကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)အဖြစ် ကျင်းပမည့် မြို့နယ်ရှစ်မြို့နယ်တွင် ပါဝင်သော ပုသိမ်ကြီးမြို့နယ်ရှိ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၇၇၁၄၄ ဦးအတွက် မဲရုံပေါင်း ၁၃၉ ရုံ စနစ်တကျ ဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင် ကျေးရွာအုပ်စုရှိအမှတ်(၁၈)အခြေခံ ပညာမူလတန်းကျောင်း၊ ရေထွက် ကျေးရွာအုပ်စုရှိအမှတ်(၂၁) အခြေခံ ပညာ မူလတန်းလွန်ကျောင်း၊ ပြောင်းရွှေ့ ဖွင့်လှစ်ထားသည့် ပုသိမ်ကြီးမြို့နယ် အားကစားခန်းမနှင့် အခြေခံပညာအထက်တန်းကျောင်း(ပုသိမ်ကြီး)တို့တွင် မဲရုံများ ဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အခြေခံပညာအထက်တန်းကျောင်း (ပုသိမ်ကြီး)ရှိ အောင်ဇမ္ဗူခန်းမ၌ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်အဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံများတွင် တာဝန်ထမ်းဆောင်ကြသူများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးများ၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဝန်ထမ်းသစ်များ စွမ်းရည်မြှင့်သင်တန်းနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ တက်ရောက်ပြီး လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဝန်ထမ်းသစ်များ စွမ်းရည်မြှင့်သင်တန်းနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်သည်။



**စဉ်ဆက်မပြတ် ကြိုးပမ်း**

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများက "ထာဝရမြန်မာ့အသံ" တေးသီချင်းဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြပြီး "နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ"နှင့် "ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှုကို မြှင့်တင်ပေး" Video Clip တို့ကို ပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) တွင် တိုင်းရင်းသားပေါင်းစုံ တာဝန် ထမ်းဆောင်နေကြပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် တူညီသည့်ဆန္ဒများဖြင့် အတူတကွပေါင်းစည်းကာ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းဆောင်နေမှုကို တွေ့မြင်ရသဖြင့် အားရကျေနပ်ရပါကြောင်း၊ အနာဂတ်တွင်လည်း စိတ်သစ်၊ ခွန်အားသစ်နှင့် နိုင်ငံတော်က အားကိုးအားထားပြုရသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက MRTV မှ ဝန်ထမ်းမိသားစုများအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော် ၄၅ ဆူနှင့် သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ၁၅ သိန်းကို ကံစမ်းမဲဖောက်၍ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက "ရှင်သန်နေမည် MRTV" တေးသီချင်းဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

အဆိုပါ ဝန်ထမ်းသစ်များ စွမ်းရည်မြှင့်သင်တန်းသို့ ရုပ်သံကျွမ်းကျင်(၂)နှင့် (၄)၊ အသံလွှင့်ကျွမ်းကျင်(၂)နှင့်(၄)၊ အနုပညာရှင်(၄)၊ အငယ်တန်းအင်ဂျင်နီယာ(၂)၊ စက်မှုကျွမ်းကျင်(၄)နှင့် အငယ်တန်းစာရေးဝန်ထမ်းများ စုစုပေါင်း ၁၄၄ ဦး တက်ရောက်ကြပြီး မဟာဘွဲ့တစ်ဦး၊ စက်မှု B.E ဘွဲ့လေးဦးနှင့် AGTI ခုနစ်ဦး၊ ဥပဒေဘွဲ့တစ်ဦး၊ သိပ္ပံဘွဲ့ ၁၄ ဦး၊ ဝိဇ္ဇာဘွဲ့ ၄၉ ဦး၊ တက္ကသိုလ်တက်ရောက်ဆဲ ၄၂ ဦးနှင့် တက္ကသိုလ်ဝင်တန်းအဆင့် ၁၄ ဦး တို့ပါဝင်သည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပင်မအဆောက်အအုံရှိ Surround Mixing and Mastering Studio အား အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး လက်တွေ့ပြသသည်။

အဆိုပါ Studio တွင် တူရိယာတစ်မျိုးချင်းစီအလိုက် အခန်းတစ်ခန်းစီဖြင့် ခွဲခြား၍ အသံသွင်းနိုင်ရန်၊ တီးဝိုင်းဖြင့် စုစည်းတီးခတ်၍ အသံသွင်းနိုင်ရန်နှင့် အသံအရည်အသွေး ကြည်လင်ပြတ်သားသည့် Surround Sound System များစွာ ဖန်တီးအသုံးပြုနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့နောက် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ပင်မရုံးအဆောက်အအုံအတွင်း မျက်နှာကြက်၊ နံရံနှင့် အခင်းများ အက်ကွဲပျက်စီးမှုများဖြစ်ပွားခဲ့ခြင်းအပေါ် ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီက ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ လွှတ်တော်အစည်းအဝေးများ ကျင်းပမှုအား တိုက်ရိုက်ထုတ်လွှင့်နိုင်ရန်အတွက် စက်ပစ္စည်းများ တပ်ဆင်စမ်းသပ်အသုံးပြုမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရုပ်သံပင်မအဆောက်အအုံအတွက် လျှပ်စစ်ဓာတ်အားချွေတာ အသုံးပြုနိုင်သည့် (Ton 1000, Chiller System)ဖြင့် အဆင့်(၄)ဆင့် ခွဲခြား၍ အစားထိုးတပ်ဆင်နေမှုတွင် စတုတ္ထအဆင့် (Ton 250) တပ်ဆင်ဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေးပြီး မောင်မယ်သစ်လွင် ဝန်ထမ်းသစ်များနှင့်အတူ ရင်းရင်းနှီးနှီးဖြင့် Office Canteen တွင် နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးတွင် ရုရှားပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ညနေပိုင်းတွင် ရုရှားနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Konstantin Kanarev နှင့် OSNOVA ကုမ္ပဏီမှ Founder & CEO ဖြစ်သူ Mr. Mark Zalutskii တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ရုံးအမှတ်(၁၅)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးစဉ် ပဲပုပ်၊ နှမ်း၊ စပါး သီးနှံများ၌ ရင့်မှည့်ချိန်မတိုင်မီနှင့် ရိတ်သိမ်းချိန်၌ အသီးများကွဲထွက်ခြင်း၊ အသီးများကြွေခြင်း စသည်တို့ကြောင့် သီးနှံအလေအလွင့်ဖြစ်ပေါ် ဆုံးရှုံးခြင်းတို့ကို ကျော်လွှားနိုင်သည့် ရွက်ဖျန်းဆေးရည် Yantol (ရန်တိုးလ်) ထုတ်ကုန်များကို ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် သုတေသနအစီအစဉ် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် သုတေသနရလဒ်များ၊ ဆက်လက်ဆောင်ရွက်မည့် သုတေသနအစီအစဉ်များကို OSNOVA ကုမ္ပဏီမှ Founder & CEO က ရှင်းလင်းတင်ပြသည်။




တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သုတေသနနှင့်နည်းပညာ ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ Yantol(ရန်တိုးလ်) ရွက်ဖျန်းဆေးရည်များ မြန်မာနိုင်ငံသို့ တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး ပံ့ပိုးပေးသွားမည့်အစီအမံများ၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိထိရောက်ရောက် အထောက်အကူဖြစ်စေရန် ရွက်ဖျန်းဆေးရည်ထုတ်လုပ်သည့်စက်ရုံ ထူထောင်ပြီး ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးနှင့် ပြည်ပသို့တင်ပို့နိုင်မှု အခွင့်အလမ်းများကို အကြံပြုဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

Gender/CEDAW/NSPAW/AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် ကျား၊ မ တန်းတူညီမျှရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များဖြစ်၍ အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ ပါဝင်မှုနှင့်စွမ်းဆောင်နိုင်မှုများသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် အရေးပါသည့် အရင်းအမြစ်တစ်ခုဖြစ်သည့်အတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် အခွင့်အလမ်းများကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း။

ကမ္ဘာ တစ်ဝန်းလုံးတွင် ဆောင်ရွက်နေကြသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် Gender/ CEDAW/ NSPAW/ AGMSF/ WPS လုပ်ငန်းစဉ်များကို သိရှိစေရန်နှင့် မိမိတို့ဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၌ ကျား၊ မ ရေးရာကို ထည့်သွင်းစဉ်းစား ဆောင်ရွက်လာနိုင်စေရန်နှင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား အမျိုးသမီးများ၏ အခွင့်အရေးများကို ချိတ်ဆက်မှုကောင်းကောင်းဖြင့် ပိုမိုမြှင့်တင် ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်သော သင်တန်းကရရှိသည့်ဗဟုသုတ၊ အသိပညာများကို သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးက ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒ၊ မဟာဗျူဟာ၊ ပင်မလုပ်ငန်းစဉ်များနှင့်ချိတ်ဆက်ပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာ စီမံကိန်း အကောင်အထည်ဖော်ရာတွင်ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။






အဆိုပါသင်တန်းကို အမျိုးသားစီမံကိန်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန ငါးခုမှ သင်တန်းသား ၁၃ ဦး၊ သင်တန်းသူ ၁၂ ဦး စုစုပေါင်း ၂၅ ဦးဖြင့် နှစ်ရက်တာ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလုံးအား အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်မှုကို တွေ့ရစဉ်။

❖ ကျောဖုံးမှ

လုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်းများကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်ရေးလှုပ်ရှားမှုနှင့်အပြိုင် လုပ်ဆောင်လာခဲ့ကြပြီး မန္တလေးသို့ရောက်ရှိနိုင်ရေး ကြိုးပမ်းခဲ့ကြသည်။

ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ သာလွန်အင်အားများဖြင့် တိုက်ကွက်ဖော်ဆောင်လာခဲ့မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့/ရွာများနှင့် နိုင်ငံအကျိုးပြုစက်ရုံ၊ အလုပ်ရုံများ ၎င်းတို့လက်အောက်သို့အလုံးစုံကျရောက်မှုမရှိစေရေးအတွက် မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism Operation) ကို မြေပြင်/ဝေဟင် ဟန်ချက်ညီ ပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်သပိတ်ကျင်းဒေသအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း၊ မတ္တရာဒေသတစ်ဝိုက်ရှိအယ်လ်ဖာဘီလပ်မြေစက်ရုံနှင့်ဖယောင်းတောင်ဒေသတို့အား ဩဂုတ် ၂၈ ရက်တွင်လည်းကောင်း၊ ဆည်တော်ကြီးရေလှောင်တမံနှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်အား နိုဝင်ဘာ ၂၅ ရက်တွင်လည်းကောင်း၊ စဉ့်ကူးဒေသတစ်ဝိုက်အား ဒီဇင်ဘာ ၁၉ ရက်တွင်လည်းကောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးပြီး ယာယီစိုးမိုးထားသည့် ရောဝတီတံတား (ရတနာသိင်္ဃ)အား ဒီဇင်ဘာ ၂၂ ရက်တွင်လည်းကောင်း စသည်ဖြင့် တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ စိတ်ကူးယဉ် စစ်ရေးအိပ်မက်များကိုရိုက်ချိုးဖျက်ဆီးနိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အဆိုပါဒေသများအား ယာယီထိန်းချုပ်ထားစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံ/ဆေးခန်းများနှင့် လူနေအိမ်များအား အကာအကွယ်ရယူ၍ ဘန်ကာများ ဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူနေအိမ် အဆောက်အအုံများအကြားနှင့် အများပြည်သူသွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ရုံထုတ်ပစ္စည်းများကို ကိုယ်ကျိုးစီးပွားအဖြစ် အသုံးချခြင်း၊ ဒေသခံပြည်သူများအား လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ လုပ်ဆောင်ခဲ့ကြသဖြင့် ဒေသခံပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ ဆုတ်ယုတ်နိမ့်ကျခဲ့ရသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် နေရာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုနှင့် စိတ်အားထက်သန်စွာ အားပေးထောက်ခံလာခဲ့ကြပြီး အကြမ်းဖက်သမားများ၏ အဖျက်အမှောင့် လုပ်ရပ်များအပေါ် ဝိုင်းဝန်းရှုတ်ချမှုများ လုပ်ဆောင်လာခဲ့ကြသည်။ ပြည်သူလူထု၏ အားပေးထောက်ခံမှုကို မရရှိတော့သည့် အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ် ဆောင်ရွက်ခဲ့မှုများအပေါ် စိတ်ပျက်နောင်တရမှုများနှင့်အတူ ၎င်းတို့အဖွဲ့အတွင်း အနိုင်ကျင့်ဗိုလ်ကျမှုများကို လက်ခံနိုင်ခြင်းမရှိတော့ဘဲ တပ်မတော်၏ သဘောထားအမှန်ကို နားလည်သဘောပေါက်လာကြသည့် PDF အဖွဲ့ဝင်အချို့သည် နီးစပ်ရာစစ်ကြောင်းများနှင့်ဆက်သွယ်၍ ဥပဒေဘောင်အတွင်းသို့ လက်နက်ခဲယမ်းများနှင့်အတူ ဝင်ရောက်မှုများ လုပ်ဆောင်လာကြသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် နေရာများကို ဒေသခံပြည်သူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များ၏ သတင်းပေးပို့မှုများကို စနစ်တကျ ပေါင်းစပ်သုံးသပ်ပြီး နယ်မြေသတင်းဖော်ထုတ်၍ မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဒေသတစ်ဝိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ မန္တလေး-မတ္တရာ - စဉ့်ကူး - သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းအား ဒီဇင်ဘာ ၃၁ ရက်တွင်လည်းကောင်း၊ သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေး လမ်းကြောင်းပေါ်ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်နှင့် စိန်ကုန်းကျေးရွာ ဒေသတစ်ဝိုက်တို့အား ၂၀၂၆ ခုနှစ် ဇန်နဝါရီ၁၄ ရက်တွင်လည်းကောင်း၊ ကင်းကျေးရွာနှင့် ရန်သူ့စခန်းကုန်းနေရာတို့အား ဇန်နဝါရီ ၁၅ ရက်တွင်လည်းကောင်း အသီးသီး ပြန်လည်ထိန်းချုပ်သိမ်းပိုက်ရရှိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းတွင် ကျန်ရှိနေသည့် လမ်းပိုင်းနေရာအား စစ်ကြောင်းများခွဲ၍ နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို ဟန်ချက်ညီ ဆောင်ရွက်ခဲ့ရာ ကင်းရွာဘက်မှ ချီတက်လာသည့် စစ်ကြောင်းသည် ဇန်နဝါရီ ၁၉ ရက်တွင် မလဲပေါက်ကျေးရွာ အနီးရှိ ရည်မှန်းချက်နေရာနှင့် ဇန်နဝါရီ ၂၀ ရက်တွင် မလဲပေါက်ကျေးရွာအား လည်းကောင်း၊ အုန်ဒန်ကျေးရွာဘက်မှ ချီတက်လာသည့် စစ်ကြောင်းသည် ဇန်နဝါရီ ၁၇ ရက်တွင် အောင်ဗဒါန်းကျေးရွာ၊ ဇန်နဝါရီ ၁၈ ရက်တွင် စိန်အင်းကျေးရွာ၊ ဇန်နဝါရီ ၁၉ ရက်တွင် ရွှေညောင်ပင်ကျေးရွာတို့အားလည်းကောင်း သိမ်းပိုက်နိုင်ခဲ့ကာ အဆိုပါတပ်မတော်စစ်ကြောင်းများသည် ဇန်နဝါရီ ၂၀ ရက်တွင် မလဲပေါက်ကျေးရွာ၌ လက်ချင်းချိတ်ဆက်ပေါင်းဆုံနိုင်ခဲ့သဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုလုံးကို အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အဆိုပါလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။



တပ်မတော်စစ်ကြောင်းများက မလဲပေါက်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



တပ်မတော်စစ်ကြောင်းအား အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာ ခံစားခဲ့ရသည့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုစဉ်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် မန္တလေး-စဉ့်ကူး-မတ္တရာ - သပိတ်ကျင်း - မိုးကုတ် ဒေသတစ်ဝိုက် တည်ငြိမ်အေးချမ်းရေးနှင့်ဆက်သွယ်ရေးလမ်းကြောင်းများပေါ်တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာအသုံးပြုနိုင်ရေးအတွက် ရှုပ်ရှုပ်ချုံချုံ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲများဖြစ်ပွားခဲ့၍ တပ်မတော်မှ အရာရှိ/စစ်သည် အချို့ နိုင်ငံတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရပြီး အချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ယင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားခဲ့သည့်ဆက်သွယ်ရေးလမ်းကြောင်းများကို တပ်မတော်က ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်ပြီး ဒေသတွင်းကုန်စည်စီးဆင်းကူးသန်း ရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကာ ပညာရေး၊ ကျန်းမာရေးစသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ်များစွာ ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့/ရွာများနှင့် ဆက်သွယ်ရေး လမ်းကြောင်းများကို ပြန်လည်သိမ်းပိုက်ပြီး နယ်မြေရှင်းလင်း ချီတက်လာသော တပ်မတော်စစ်ကြောင်းများအား အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာခံစားခဲ့ရသည့် ဒေသခံပြည်သူများက လမ်းကြောင်းတစ်လျှောက်လုံး၌ အောင်သပြေပန်းများ၊ ပန်းကုံးများ ကိုင်ဆောင်ကာ အိုးစည်ဒိုးပတ်များ တီးခတ်၍ အကအလှများဖြင့် သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကခုန်ကြိုဆိုခဲ့ကြသည့် တပ်မတော်နှင့်ပြည်သူ တစ်သားတည်းဖြစ်ပေါ်နေသော မြင်ကွင်းကို ကြည်နူးဝမ်းမြောက်ဖွယ် တွေ့မြင်ရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ကာ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် လမ်းတံတားများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဒေသခံပြည်သူများ၏ နေအိမ် အဆောက်အအုံများ၊ စာသင်ကျောင်းများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသအတွင်း ကုန်စည် ကူးသန်းရောင်းဝယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ၊ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးတို့အတွက် ဒေသခံပြည်သူများနှင့် လက်တွဲကာ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/တောင်)၊ မြေကွက်အမှတ်(၈၆၃/ခ)၊ (၄/တောင်)ရပ်ကွက်၊ အောင်သစ္စာ (၂)လမ်း၊ တိုက်အမှတ်(၈၆၃/ခ)၊ နှစ်(၆၀)ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်ရှိ အဆောက်အအုံ၏ (တတိယထပ်/ခြေရင်းခြမ်း)တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ထားသူ ရောင်းသူ ဒေါ်သီတာလှိုင် [၁၂/လသယ(နိုင်)၀၄၈၄၀၃]မှ တရားဝင်ပိုင်ဆိုင်လက်ရှိအကျိုးခံစားခွင့်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးအေးမြင့် [၁၂/တမန(နိုင်) ၀၄၇၃၀၇]မှအပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးသီတာကျော် (LL.B.,DIL,DBL)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ် – ၁၉၅၅၀**
**အမှတ် (၂၂၄)၊ (၁၃)လမ်းထိပ်၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၂၅၃၅၁၁၇၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၂၃) ရပ်ကွက်၊ ကျန်စစ်သားလမ်းမ၊ ရွှေလင်ပန်း Commercial Area (ယောမင်းကြီးအိမ်ရာ အပိုင်း-၁)၊ (၂) ခန်းတွဲ (၄)ထပ်တိုက်၊ တိုက်အမှတ် (၆)၊ အခန်းအမှတ် (၀၀၂)၊ မြေညီထပ်ကြမ်းခင်းဧရိယာ (၁၅၇၀) စတုရန်းပေ ရှိ ဒေါ်စိုးစိုးဦး (ဘ) ဦးစိုးညွှန့် [၁၂/ကမရ(နိုင်)၀၀၆၉၉၄] အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်**တို့ကို **ဦးသက်လွင် (ဘ) ဦးထွန်းရှိန် [၁၀/မလမ(နိုင်)၀၀၄၈၈၂]** မှ အရပ်ကတိစာချုပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေ **ဒေါ်အိဇင်ဖြိုး (ဘ) ဦးမောင်သန်းရွှေ [၁၁/ပဏက(နိုင်) ၀၄၇၅၇၉]** မှလည်း ဝယ်ယူရန် သဘောတူညီ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိဇင်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(လိုင်စင်အမှတ်-၁၀၇၄၅)**
**အမှတ်-၁၀၆၉/ခ ၊ အောင်ဇေယျလမ်း၊ (၁၉)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၅၂၉၂၉၂၃၊ ၀၉-၄၂၁၁၄၉၆၀၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ငြိမ်း [၁၂/ကမရ(နိုင်)၀၁၄၉၅၂]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်သူ မောင်စိုးဦး[၁၂/ကမရ(နိုင်)၀၄၈၀၃၅] ကိုင်ဆောင်သူသည် အကြီးဆုံးသားဖြစ်ပြီး ၎င်း၏ဆန္ဒအရ မိသားစုဝင်များ နေထိုင်ပိုင်ဆိုင်သော နေအိမ်အား ထုခွဲရောင်းချစေ၍ ရသင့်သည်ထက်ပိုမိုကာ ဝေစုရယူခဲ့ခြင်းကိုလည်း တောင်းခံခဲ့သည့်အတွက် ၎င်းအား(၁၉-၁-၂၀၂၆)ရက်နေ့တွင် စာချုပ် ချုပ်ဆို၍ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ၎င်းသည် မိဘတို့၏ပြောဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိခင်/ဖခင်တို့အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေရန် အကြိမ်ကြိမ်ပြုလုပ်ခြင်းအပြင် အတူနေမိသားစုဝင်ညီအစ်ကိုမောင်နှမသားချင်းများ အားလုံး၏အပေါ်တွင်လည်း ငဲ့ညှာထောက်ထားမှုမရှိသည့်အတွက် သည်းခံနိုင်မှု မရှိတော့ပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်ပြီး တာဝန်မယူကြောင်းနှင့် မိသားစုဝင်များအားလုံးနှင့် သက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည် –

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်ငြိမ်း** | **ဦးအောင်ကိုကိုထက်(LL.B)** |
| **[၁၂/ကမရ(နိုင်)၀၁၄၉၅၂]** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၀၉)** |
| | **အမှတ်(၃၉)၊ မြောင်းမြလမ်း၊ ၁၈-ရပ်ကွက်၊** |
| | **ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၅၊ ရတနာပုံလမ်း၊ မြေကွက်အမှတ်-၆၂၇ ဟုခေါ်တွင်သော ဧရိယာ(၄၀'x၆၀')ရှိ ဦးတင်ဦး(O/RGN-၀၀၄၉၉၁) အမည်ပေါက် မြေချပါမစ် မြေကွက်ကို (၁၀-၁၁-၂၀၂၅)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ ဝယ်ယူလက်ရှိပိုင်ဆိုင်သူ ဦးအောင်ခန့်ကျော် [၁၂/အလန(နိုင်)၀၄၀၂၇၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်၍ ယင်းမြေကွက်တွင် အကျိုးသက်ဆိုင်သူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးစီးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သစ်သစ်မြင့်အောင်(LL.B)** | **ဦးမြတ်သူ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၇၈)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၁၅၃)** |

**ရုံးအမှတ်-၂၂၅၊ ပထမထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၆၅၆၁၊ ၀၉-၅၀၆၁၆၂၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၀)၊ ဦးပိုင်အမှတ်(၂)၊ ၇၃x၇၄ ကြား၊ ၁၁၉x၁၂၀ လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးဝင်းမောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၉၃၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကြည်စိန် [၁/မညန(နိုင်)၀၇၂၉၂၄]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၄၈၃၂/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ မရမ်းကုန်းမြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် – ၄၅၊ လူနေရပ်ကွက်အမှတ် – သမိုင်း ၊ မြေကွက်အမှတ် – ၁၆၃/ခ/၁/ခ၊ အကျယ်အဝန်း ဧရိယာ – (၀.၀၅၄) ဧက၊ (၂၃၇၃ စတုရန်းပေ) ရှိ ဦးလှစိုး [၁၂/အစန(နိုင်)၀၂၉၅၆၁] နှင့် ဒေါ်စန်းစန်းမြင့် [၁၂/အစန (နိုင်)၀၂၉၅၆၀] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ၂ထပ်တိုက်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်လက်ဝယ်ရှိ ပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဦးလှစိုးနှင့် ဒေါ်စန်းစန်းမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B , D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၇၀၃)**
**ရုံးခန်း (၅) ၊ ပထမထပ် Strand Condominium ၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉– ၄၅၀၀၃၉၂၁၀၊ ၀၉–၅၀၃၄၆၅၂**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂) ကျောင်းလမ်း၊ မြေကွက်အမှတ်(၃၅၁)ဟုခေါ်တွင်သော (အလျား၅၀ပေxအနံ၆၀ပေ) အနက်မှ မခွဲမစိတ်ရသေးသော (အလျား၂၅ပေxအနံ၆၀ပေ)(ခြေရင်းခြမ်း) ရှိ ဒေါ်ခင်စန်းရီ အမည်ပေါက် ပါမစ်(မူရင်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုလက်ရှိထားပိုင်ဆိုင်သူဖြစ်သော ဦးအောင်ကျော်မိုး [၇/ကဝန(နိုင်)၀၉၆၁၉၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သန်းနွဲ့ [၁၂/လကန(နိုင်) ၀၈၆၂၆၈]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ မည်သူမဆို(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးစုကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၈၆)**
**ဖုန်း–၀၉–၄၃၁၇၁၆၅၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၅၂)၊ ဦးပိုင်အမှတ်(၁၁-င)၊ ၁၀၄-လမ်း၊ ရန်ကျော်အောင် ၈၂-လမ်းနှင့် ရန်-မန်းလမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်းဦး၊ ဒေါ်နန်းမြတ်စိုး၊ ဦးစည်သူစိုးတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၅၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်နွယ်အေး [၉/မရတ(နိုင်)၀၁၆၄၆၄]၊ ဦးဝင်းမောင် [၉/မရတ(နိုင်)၀၁၆၄၆၃]တို့က အမှုတွဲအမှတ်[၀၄၉၅/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆] ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၅၀)၊ ဦးပိုင်အမှတ်(၁၇)၊ ၃၃x၃၈ ကြား၊ ၇၆x၇၇ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ခင်ရွှေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၅၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယဉ်ယဉ်နု [၉/မရတ(နိုင်)၁၀၉၁၄၇]က အမှုတွဲအမှတ်[၀၄၉၄/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆] ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၄)၊ ဦးပိုင်အမှတ်(၁၄)၊ ၆၅ လမ်း၊ ၁၁၉x၁၂၀ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်ဇော်၏ (GP ရရှိသူ ဒေါ်နန်းခင်နုရီ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၀၉၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးစံရှိန် [၉/မရမ(နိုင်)၀၂၇၀၄၆]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၄၈၃၄/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၀)၊ ဦးပိုင်အမှတ်(၃)၊ ၇၃x၇၄ ကြား၊ ၁၁၉x၁၂၀ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်သန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၉၃၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ထွေးထွေးဝင်း(ခ)ဝီးစွန် [၁/မညန(နိုင်)၀၇၂၉၂၂]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၄၈၃၃/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ်-၂၇ဃ/၈၂၅၄ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဦး [၁၀/သထန(နိုင်)၁၈၇၂၂၈]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

အမျိုးအမည် – Honda Dream ND 125M
အမျိုးအစား – Motorcycle

**က.ည.န၊ ခရိုင်ရုံး (သထုံ)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန် (တတိယအဆင့်)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/တိုးချဲ့)၊ လူနေဇုန်ရှိ မြေကွက်အမှတ်(၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉)တို့အား ရှင်သန်စေကုမ္ပဏီ(မှတ်ပုံတင်အမှတ်-၁၁၃၃၇၅၀၂၇) အမည်ဖြင့် မြေချပါမစ်(၁၁)စောင် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား (မူရင်း)များ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊ မြေကွက်အမှတ်(၁၅၇၂/ခ)၊ အနော်ရထာလမ်း၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ (၁၂၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၂၇)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်(မီတာ+ရေ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဦးစိန်ကြိုင်**[၁၂/သဃက(နိုင်)၁၃၄၂၃၇] အမည်ပေါက်တည်ရှိပြီး အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးကျော်သန်း**[၁၂/သဃက(နိုင်)၀၈၀၄၇၁]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ရွှယ်အောင်**[၁/တနန(နိုင်)၀၀၂၃၁၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှယ်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၂၂၄၈)၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)ရှိ **ဦးမောင်မောင်နိုင်**(S/RGN-၀၀၀၃၂၂) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးဇော်ထူးအောင်** [၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးခင်မောင်တိုး**[၈/ပခက(နိုင်) ၂၆၂၇၈၉]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်တိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊**
**၀၉–၅၀၇၉၉၇၈၊ ၀၉–၄၅၀၀၂၅၄၁၅**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Golden City Condo၊ Room (0402)၊ Block(4) နေသူဖြစ်သော ဦးသက်နိုင် [၁၂/အလန(ပြု)၀၀၀၁၅၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ ဗိုလ်ချုပ်ပန်းခြံလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၁)၊ မြေကွက်အမှတ်(၁၃၀၃)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးအေးအမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဌေးဌေးရီ [၁၂/ဒလန(နိုင်)၀၂၃၂၄၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသက်နိုင်က ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**“ဦးသက်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ”**

| | |
|---|---|
| **ဦးအောင်နိုင်ထူး (စဉ်–၁၃၅၇၅)** | **ဦးမျိုးမင်းထွန်း (စဉ်–၁၂၂၅၉)** |
| **LL.B, WIPO (Switzerland)** | **LL.B, D.B.L** |

**“တရားလွှတ်တော်ရှေ့နေများ”**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊**
**(၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။**
**Ph:09-420088970, 09-401573462, 09-777171997**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၈)၊ မြေကွက်အမှတ်(၁၂၃၄)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ) ရှိ ပါမစ်မြေကွက်သည် ဦးသောင်းရွှေ(ISN-၁၈၅၈၀၂) အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ထားသည် (ခြေရင်းခြမ်း) အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၂၃၄)၊ မာလာလမ်း၊ (၁၈/E)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ ရောင်းချခဲ့သောကြောင့် အဆက်စပ်အရပ်ကတိစာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်ဇင်သူသူဇော်[၁၂/ဥကတ(နိုင်)၁၆၈၃၅၀]မှမိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုသက်လျာဖြိုး[၁၂/ဒဂတ(နိုင်) ၀၅၉၇၁၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်သင်းစုမွန် (LL.B)** | **ဒေါ်ပိုးအိအိစံ (LL.B) (LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၅၂၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၈၀၅၀)** |

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၄၅၀၀၉၉၀၆၉**

❖ ဒီမိုကရေစီစနစ်ဟူသည်မှာ ပြည်သူကရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၎င်း၏အနှစ်သာရဖြစ်သည့် အများဆန္ဒအတိုင်း ဆောင်ရွက်ခွင့်ရှိသော်လည်း လူနည်းစု၏ဆန္ဒကိုလည်း အလေးထားရန် ...

❖ မိမိနှင့်အယူအဆမကိုက်ညီသူများကို ရန်သူလိုသဘောထားပြီး ခွဲခြားဆက်ဆံခြင်းများ၊ ဖယ်ကြဉ်ထားခြင်းများသည် ဒီမိုကရေစီစနစ်နှင့် လုံးဝကိုက်ညီမှု မရှိသည့်အရာဖြစ်...

❖ ဖက်ဒရယ်စနစ်ဟူသည်မှာလည်း လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်အာဏာများကို မျှဝေခံစားစေခြင်းဖြစ်ပြီး ၎င်းအနှစ်သာရမှာ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင်ဖြစ်...

( ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅)တွင် ပြောကြားသော အမှာစကားမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း- မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းအား အပြည့်အဝပြန်လည်ထိန်းချုပ်၊ မန္တလေး- သပိတ်ကျင်း- မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်



တပ်မတော်စစ်ကြောင်းများအား အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာ ခံစားခဲ့ရသည့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၀

တပ်မတော်စစ်ကြောင်းများအနေဖြင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီထိန်းချုပ်ထားသည့် သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းအား ဇန်နဝါရီ ၁၉ ရက်တွင် အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယနေ့မှစ၍ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် မန္တလေး-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် စိတ်အေးချမ်းသာစွာ ပြန်လည်သွားလာနိုင်ပြီဖြစ်၍ ဒေသတွင်းကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စွာ ပုံမှန်အတိုင်းဆောင်ရွက်နိုင်ပြီဖြစ်သည်။

NUG အကြမ်းဖက်အဖွဲ့အနေဖြင့် မန္တလေး၊ စစ်ကိုင်းနှင့် မိတ္ထီလာလွင်ပြင်တို့မှ လူငယ်လူရွယ်များ၊ DCS ပြုလုပ်သည့် သစ္စာဖောက်ဝန်ထမ်းများကို မက်လုံးပေးစည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများ ပို့ချကာ MDY – PDF အမည်ခံအကြမ်းဖက်သမားများအဖြစ် မွေးထုတ်ခြင်း၊ ဖြစ်သည့်နည်းဖြင့် အဓမ္မအင်အားစုဆောင်းခြင်း၊ လှုံ့ဆော်အားပေးခြင်းနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့နှင့်ပူးပေါင်း၍ ၎င်းတို့၏ စိတ်ကူးယဉ်စစ်ရေးအိပ်မက်ဖြစ်သော မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှစ၍ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး ဆက်စပ်ဒေသများ၌ ရှမ်း-မန်း စစ်ဆင်ရေးအမည်ဖြင့် စစ်ရေးအကြမ်းဖက်မှုများကို စစ်ကြောင်းများခွဲ၍ မိုးကုတ်-သပိတ်ကျင်း-မတ္တရာ-မန္တလေး လမ်းကြောင်းတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့/ရွာများ၊ နိုင်ငံအကျိုးပြု အစိုးရနှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများတွင်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

## အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၄ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍မြန်မာနိုင်ငံအတွင်းသို့နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၂၂ ဦးနှင့် စင်ကာပူနိုင်ငံသားနှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၄ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✻



အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၄ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

### ယနေ့ ဖတ်စရာ

ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်သည့် ကြားနာပွဲတွင် မြန်မာ၏ရှေ့နေများက ဆက်လက်တုံ့ပြန်ချေပလျှောက်လဲ

စာမျက်နှာ » ၆

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

စာမျက်နှာ » ၈